SYCB မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS &YOUTH CONGRESS OF BURMA
Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ထုတ်ပြန်ကြေညာချက်

စက်တင်ဘာလ(၂၁)ရက်နေ့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတဝှမ်းမှ ငြိမ်းချမ်းရေးလိုလားသူများက အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အဖြစ်သတ်မှတ်ကာ နှစ်စဉ်ကျင်းပကြပါသည်။ ဤနေ့မှစ၍ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး စစ်မှန်သည့်ငြိမ်းချမ်းရေး အမြန်ဆုံးရရှိနိုင်ပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် စစ်မှန်သောငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖေါ်ဆောင်ရွက်နိုင်စေရန်အတွက် ပြည်တွင်းပြည်ပရှိ ကျောင်းသားနှင့်လူငယ်များသည် တိုင်းရင်းသားပြည်သူများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ပြည်တွင်းငြိမ်းချမ်းရေး လူထုလှုပ်ရှားမှုများကို ငြိမ်းချမ်းသောနည်းလမ်းအမျိုးမျိုးဖြင့် ဖော်ဆောင်ခဲ့ကြသည်။

လက်ရှိကာလမြန်မာနိုင်ငံတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်နေသော်လည်း အစိုးရစစ်တပ်၏ ထိုးစစ်များကြောင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေမှုများသည် ငြိမ်းချမ်းရေးကိုဖျက်ဆီးသောလုပ်ရပ်များဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ရေးကိုလွန်စွာထိခိုက်စေသည်။

ထို့ကြောင့် အစိုးရအနေဖြင့် အောက်ပါအချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် မိမိတို့မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်မှ အလေးအနက်ထား တောင်းဆိုလိုက်သည်။

၁။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၏ အားလုံးပါဝင်ရေးမူအတိုင်း ဆောင်ရွက်ပေးရန်။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး စစ်မှန်သောငြိမ်းချမ်းရေးအတွက် ယုံကြည်မှုများပိုမိုခိုင်မာလာစေရန် တိုင်းရင်းသားနယ်မြေများတွင် ဆောင်ရွက်နေသော ထိုးစစ်များကို ချက်ခြင်းရပ်တန့်ပေးရန်။

၃။ လူ့အခွင့်အရေးနှင့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာလှုပ်ရှားသူများနှင့် နိုင်ငံရေး၊ လူမှုရေး၊ လယ်သမားနှင့်အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးနှိပ်စက် အရေးယူမှုများအား ချက်ချင်းရပ်တန့်ပေးရန်။

၄။ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရမှ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ကြေညာပေးရန်။

၅။ လူမျိုးရေးနှင့်ဘာသာရေးကို ခုတုံးလုပ်ကာ ပဋိပက္ခများကိုဖြစ်စေနိုင်သည့် လှုံ့ဆော်မှုများကိုတားဆီးပေးရန်နှင့် ပြစ်မှုကျူးလွန်သူများကိုလည်း ထိရောက်စွာအရေးယူပေးရန်။

၆။ စစ်ပွဲနှင့်သဘာဝဘေးဒဏ်ကြောင့် အတိဒုက္ခရောက်နေသော ပြည်သူများအား စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် မိမိနေရပ်တွင် ပုံမှန်ဘဝ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို အမြန်ဆုံး တာဝန်ယူ ဆောင်ရွက်ပေးရန်။

၇။ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီအင်အားစုများ၊ လူထု လေးစားယုံကြည်ရသောပုဂ္ဂိုလ်များပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတရပ် ခေါ်ယူကျင်းပပြီး နိုင်ငံရေး ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းပေးရန်။

**“ညီညွတ်သောတွဲလက်များဖြင့် ငြိမ်းချမ်းသာယာဝပြောသော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုဆီသို့”**

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်(SYCB)

နေ့စွဲ - ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်

ဆက်သွယ်ရန် - စောဂျက်ပစီ၊ အထွေထွေအတွင်းရေးမှူး၊ +၆၆၈ ၁၀၄၂ ၈၃၉၈